# မြန်မာစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများတွင် Airbus ၏ မိတ်ဖက် တရုတ် ကုမ္ပဏီ AVIC ကြံ့ရာပါပတ်သက်

***မြန်မာစစ်အုပ်စုထံ AVIC က စစ်လက်နက်ထောက်ပံ့မှု ရပ်တန့်ရေး ၎င်း၏ ဩဇာလွှမ်းမိုးနိုင်မှုကို အသုံးပြုရန် Airbus ကို Justice For Myanmar နှင့် Info Birmanie တို့က တောင်းဆို***

Justice For Myanmar နှင့် Info Birmanie တို့၏ စုံစမ်းလေ့လာမှုတစ်ခုတွင် Aviation Industry Corporation of China's (AVIC) က မြန်မာစစ်အုပ်စုထံ လေယာဉ်နှင့် စစ်လက်နက်များ တောက်လျှောက်ထောက်ပံ့နေသည့် အထောက်အထားများကို ဖော်ထုတ်တွေ့ရှိခဲ့သည်။

မြန်မာစစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အရေးယူခံရခြင်းလွတ်ကင်းစွာဖြင့် ကျူးလွန်ရာတွင် AVIC က ရောင်းချထောက်ပံ့ထားသည့် လေယာဉ်များကို အသုံးပြုလျက်ရှိသည်။

"*#AIRBUSTED - Airbus ၏ မိတ်ဖက်ကုမ္ပဏီ AVIC က မြန်မာစစ်အုပ်စုထံ စစ်လက်နက်များ ထောက်ပံ့နေမှုနှင့် Airbus လုပ်ဆောင်သင့်သည့်အရာများ*" အစီရင်ခံစာတွင် အရပ်သား ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ မဆင်မခြင်လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရာတွင် မြန်မာစစ်အုပ်စု အသုံးပြုနေသည့် ဂျက်တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များနှင့် စစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်များအား AVIC က ရောင်းချထောက်ပံ့ခဲ့သည့် အသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်။

အစီရင်ခံစာတွင် လတ်တလောဝယ်ယူထားသည့် FTC 2000G အမျိုးအစား တိုက်ခိုက်ရေး လေယာဉ်နှင့် ဒုံးကျည်အမျိုးမျိုး၏ အသေးစိတ်အကြောင်း အချက်အလက်အသစ်များလည်း ပါဝင်သည်။

AVIC သည် စစ်အုပ်စုအသုံးပြုနေသည့် တရုတ်နိုင်ငံထုတ် ပုံသေတောင်ပံ (fixed-wing) လေယာဉ်များအတွက် ထိန်းသိမ်းပြုပြင်မွမ်းမံရေး ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်ခြင်းဖြင့်လည်း မြန်မာ့လေတပ်ကို ကူညီပံ့ပိုးနေသည်။

ပြင်သစ်လေကြောင်းအာကာသကုမ္ပဏီကြီး Airbus သည် AVIC ၏ ဟောင်ကောင်မှတ်ပုံတင်ကုမ္ပဏီ AviChina တွင် အဓိကရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ တရုတ်နိုင်ငံရှိ AVIC ၏ မဟာဗျူဟာမိတ်ဖက်လည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ အကြမ်းဖက်စစ်အုပ်စုကို လက်နက်ရောင်းချတပ်ဆင်ပေးသည့် AVIC ၏ အခန်းကဏ္ဍမှာ ရှင်းလင်းနေသော်လည်း Airbus ကုမ္ပဏီသည် AVIC နှင့် မိတ်ဖက်ဆောင်ရွက်မှုကို ဆက်လက်ထားရှိရုံသာမက၊ AVIC ထိန်းချုပ်ထားသည့် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ထားသည်။ AviChina ၏ မြန်မာစစ်အုပ်စုထံ စစ်လေယာဉ်နှင့် လက်နက်များ လွှဲပြောင်းပေးအပ် ဆက်နွှယ်မှုကြောင့် အခြားရင်းနှီး မြှုပ်နှံသူများ နုတ်ထွက်ဆုတ်ခွါနေစဉ်တွင် ထိုသို့ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်။

ယခုစုံစမ်းလေ့လာမှုတွင် Airbus ၏ အဓိကရှယ်ယာရှင်များဖြစ်ကြသည့် စပိန်၊ ဂျာမဏီနှင့် ပြင်သစ်အစိုးရတို့၏ အများပြည်သူသို့ ထုတ်ပြန်ချက်များနှင့် လက်တွေ့ဆောင်ရွက်ချက်များကြား အထင်းသားဝိရောဓိဖြစ်နေမှုကိုလည်း မီးမောင်းထိုးဖော်ပြထားသည်။

အဆိုပါအစိုးရများသည် မြန်မာစစ်အုပ်စု၏ ရာဇဝတ်မှုများကို လူသိရှင်ကြား ရှုတ်ချခဲ့ပြီး၊ စစ်အုပ်စုထံ လက်နက်စီးဆင်းမှုကို ရပ်တန့်ရေးဆောင်ရွက်ရန် ကတိကဝတ်များပြုခဲ့ကြသော်လည်း လက်တွေ့တွင် Airbus နှင့် AVIC တို့၏ ပိတ်ကားနောက်ကွယ်မှ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများကို မျက်နှာလွှဲနှုတ်ဆိတ်နေကြသည်။

မြန်မာစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ရပ်တန့်ရေးအတွက် AVIC အား ဖိအားပေးရန်အတွက် ၎င်း၏ ဩဇာလွှမ်းမိုးနိုင်မှုကို ချက်ချင်းအသုံးပြုရန် Airbus ကုမ္ပဏီအား Justice For Myanmar နှင့် Info Birmanie တို့က တောင်းဆိုလိုက်သည်။ AVIC က လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက Airbus အနေဖြင့် AVIC ထိန်းချုပ်ထားသည့် ကုမ္ပဏီအားလုံးမှ ရင်းနှီးမြှုပ်နှံမှုများကို တာဝန်ယူမှုရှိစွာဖြင့် ရုတ်သိမ်းရမည် ဖြစ်သည်။

စပိန်၊ ဂျာမဏီနှင့် ပြင်သစ်အစိုးရများအနေဖြင့် Airbus ကုမ္ပဏီအား မြန်မာနိုင်ငံရှိ စစ်ရာဇဝတ်မှုများတွင် ပတ်သက်ဆက်နွှယ်မှုများကို ဖြတ်တောက်ရေး ဆောင်ရွက်စေခြင်းဖြင့်

မိမိတို့လုပ်ရပ်များကို အများပြည်သူသို့ ထုတ်ပြန်ထားသည့် ကတိကဝတ်များနှင့်အညီ ဖြစ်စေရမည်။

မြန်မာပြည်သူများသည် လုပ်ရပ်မပါသော စကားလုံးများသက်သက်ထက် ပို၍ ထိုက်တန်ပါသည်။ ယခုအချိန်သည် တရားမဝင်စစ်အုပ်စုထံ စစ်လက်နက်နှင့် အထောက်အပံ့များ စီးဆင်းမှုအား ရပ်တန့်ရေးအတွက် ပြတ်သားသည့် အရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ရမည့်အချိန် ဖြစ်သည်။

**Jusitce For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က**

"Airbus ကုမ္ပဏီက အကြမ်းဖက်မြန်မာစစ်အုပ်စုနဲ့ AVIC တို့ရဲ့ မသမာတဲ့ စီးပွားရေးလုပ်ငန်းတွေကို မမြင်ချင်ယောင်ဆောင်နေခဲ့တာ ကြာပါပြီ။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေတွေကို ကုလသမဂ္ဂက သေချာစောင့်ကြည့် မှတ်တမ်းတင်တာတွေ၊ အစီရင်ခံစာထုတ်ပြန်တာတွေ ရှိနေတာဖြစ်တဲ့အတွက် Airbus အနေနဲ့ သူတို့ရဲ့အဓိက စီးပွားရေးမိတ်ဖက် AVIC က မြန်မာစစ်အုပ်စုကို လေယာဉ်တွေ၊ စစ်လက်နက်တွေ၊ နည်းပညာဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုတွေ ရောင်းပေးပြီး ထောက်ပံ့နေတယ်ဆိုတာ သိကိုသိရမှာ ဖြစ်ပါတယ်။

Airbus နဲ့ သူ့ရဲ့ ရှယ်ယာရှင်အစိုးရတွေအနေနဲ့ AVIC ကနေ လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်တဲ့ မြန်မာစစ်အုပ်စုကို စစ်လက်နက်စီးဆင်းနေတာ မဖြစ်မနေ ရပ်တန့်ရမှာဖြစ်ပါတယ်၊ ဒါမှမဟုတ်ရင်တော့ Airbus ကို AVIC နဲ့ စီးပွားရေးအား ရပ်တန့်စေရမှာ ဖြစ်ပါတယ်။

စပိန်၊ ဂျာမဏီနဲ့ ပြင်သစ်က ဒီလို ရင်းနှီးမြှုပ်နှံမှုတွေနဲ့ စစ်အုပ်စုတည်မြဲအောင် လုပ်နေမှတော့.သူတို့က မြန်မာစစ်အုပ်စုကို အပြစ်တင်ရှုတ်ချတာတွေကို ဘယ်လိုလုပ် အတည်ယူလို့ရမှာလဲ" ဟု ပြောကြားခဲ့သည်။

**Info Birmanie ၏ ညှိနှိုင်းရေးမှူးဖြစ်သူ ဂျိုဟန်နာချာဒွန်နီးယက်က**

"စီးပွားရေးလုပ်ငန်းတွေ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေးအတွက် ပြင်သစ်နိုင်ငံ၊ ဥရောပသမဂ္ဂနဲ့ နိုင်ငံတကာအဆင့်တွေမှာ နည်းလမ်းပေါင်းများစွာ ထားရှိကျင့်သုံးပြီး ဖြစ်ပါတယ်။ အခုစုံစမ်းလေ့လာမှုက မြန်မာ့ပဋိပက္ခအရေးမှာ Airbus က အဲဒီနည်းလမ်းတွေကို လိုက်နာနိုင်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်ဖွယ်သံသယတွေကို ဖြစ်စေခဲ့ပါတယ်။

Airbus ကုမ္ပဏီက ကာကွယ်ရေးကဏ္ဍမှာ လုပ်ကိုင်တဲ့အတွက်ကြောင့်ရော၊ သူ့ရဲ့ အမြဲတမ်း ရှယ်ယာရှင်တွေက အစိုးရတွေဖြစ်တဲ့ အတွက်ကြောင့်ရော သာမန်ကုမ္ပဏီတစ်ခု မဟုတ်ဘူးလို့ ပြောရပါမယ်။ ပြင်သစ်၊ စပိန်နဲ့ ဂျာမဏီအစိုးရတွေအနေနဲ့ Airbus ကုမ္ပဏီရဲ့ မိတ်ဖက်နဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ကုမ္ပဏီတွေဟာ စစ်ရာဇဝတ်မှုတွေမှာ ပါဝင်ပတ်သက်နေတယ်ဆိုရင် အရေးယူဆောင်ရွက်ဖို့ တာဝန်နဲ့ ဝတ္တရားရှိနေပါတယ်။

ပြင်သစ်၊ စပိန်နဲ့ ဂျာမဏီအစိုးရတွေဟာ ဥရောပသမဂ္ဂနဲ့အတူတူ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုကြီးတွေကို ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။ ဒီနေ့အချိန်ခါမှာတော့ အဲဒီအစိုးရတွေ အနေနဲ့ သူတို့ရဲ့ ထုတ်ပြန်ချက်တွေ၊ တန်ဖိုးတွေနှင့် ဒဏ်ခတ်ပိတ်ဆို့မှုတွေအတိုင်း အရေးယူဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာကို ပြသဖို့ အခွင့်အရေး ရှိနေပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

အစီရင်ခံစာကို အင်္ဂလိပ်ဘာသာ နှင့် ပြင်သစ်ဘာသာ များဖြင့် ယခုနေရာတွင် ဖတ်ရှုပါ။